ကဲဆန်ဆာလင်ကျေးရွာ

နန်းယွန်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ( ၂၀၂၃ -၂၀၂၄ )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကဲဆန်ဆာလင်ကျေးရွာ၊ နန်းယွန်းမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

# မာတိကာ


စကားချီး

ကဲဆန်ဆာလင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊

ကဲဆန်ဆာလင်ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်

ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

**၁။ နိဒါန်း**

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

( ခ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**၂။ ကျေးရွာ၏ ပထဝီ အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

( စ ) ကျား- မဆိုင်ရာဆက်နွယ်မှု

**၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သားငါးထုတ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

( င ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ**

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော် နည်းဗျူဟာ

**၇။ ဦးစာပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ**

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း

(ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ဂ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

(ဃ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**အပိုင်း(ခ)**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ**

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ် အခြေအနေ

ဇယား(၃) ဓါတ်သတ္တုနှင့် အခြားဘာဝအရင်းအမြစ်များ
ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ
ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ
ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ
ဇယား(၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ
ဇယား(၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား(၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များ
ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ
ဇယား(၁၆) ကျောင်းတက်နှုန်းဇယား(၁၇)စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား(၁၈) အဖြစ်များသော ရောဂါများ
ဇယား(၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်
ဇယား(၂၂) အိမ်သာအမျိုးအစား
ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ
ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ
ဇယား(၂၅) ကျား - မ ရေးရာ

## **စကားချီး**

၁။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃-၂၀၂၄ မှ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်ထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးပါသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား ကျေးဇူးအထူးပင်တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပူးပေါင်းပါဝင်ပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုဖြင့် စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ နန်းယွန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုအသုံးပြုကာ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း၍ ကျေးရွာ၏လိုအပ်ချက်များကို ဝိုင်းဝန်းဖော်ထုတ်ခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းများနှင့် သတင်းအချက်အလက်များ၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်များရရှိနိုင်မည့် နေရာများနှင့် ဆက်သွယ်ဆောင်ရွက်ရမည့် ဌာနဆိုင်ရာများကိုပါ သိရှိခဲ့ရပါသည်။ ထို့အပြင် ထပ်မံလိုအပ်နေသော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုများကို မြို့နယ်အဆင့် ဌာနဆိုင်ရာအသီးသီးတို့တွင် ချဉ်းကပ်ရယူရမည်ဖြစ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ရပါသည်။

၃။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်တိုးရရှိသည့် ကိန်းဂဏန်းအချက်အလက်များကို ထပ်မံဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာအောင် ထိန်းသိမ်းသွားပါမည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်ဖြစ်ပြီး လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှုများ၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ထားသောမူဘောင်အတွင်းမှ ပြုပြင်ပြောင်းလဲ ဆောင်ရွက်သွားမည်ဖြစ်ပါသည် ။

၄။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်

နိုင်ရန်အတွက်  နည်းပညာအကူအညီများ ၊ အကြံညာဏ်များနှင့်အတူ စဉ်ဆက်မပြတ် ဆက်လက်ကူညီဆောင်ရွက်ပေးနိုင်စေရေးအတွက် မေတ္တာရပ်ခံအပ်ပါသည် ။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ကဲဆန်ဆာလင်ကျေးရွာ၊ နန်းယွန်းမြို့နယ်

၂၀၂၄ ခုနှစ် ၊ ဖေဖော်ဝါရီလ

**အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း**

## (က) ရည်ရွယ်ချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံများအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး မြန်မာတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်မည့် အစီအစဉ် အသစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် စတင်ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပူးပေါင်းပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင် ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲခြင်းအတွေ့အကြုံ မရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်းများ၊ သတင်းအချက်အလက်များ ပြုစုရေးသွင်းရာတွင် အရေးကြီး ကြောင်း သိရှိခဲ့ရပါသည်။ ထို့အပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာအဖွဲ့အစည်းများထံမှ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များကို ရယူရမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း အကောင်ထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော နည်းပညာအကူအညီများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေနှင့် ဖွံ့ဖြိုးရေးအခြေအနေများ အကြား ကြုံတွေ့ခဲ့ရသော ပြဿနာများ၊ ထိုပြဿနာများအား ဖြစ်ပေါ်စေသည့် အခြေခံအချက် အလက်အကြောင်းအရာများ၊ ဖွံ့ဖြိုးရေးကို ပံ့ပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားများ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်ပန်းတိုင်များ၊ ထိုရည်မှန်း ချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့် ဆောင်ရွက်ရမည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရာတွင် လိုအပ် မည့် အကြောင်းအရာများနှင့် ငွေကြေးရရှိမည့် လမ်းကြောင်းများကိုပါ ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်း များ၏ အာရုံစိုက်မှုကိုရရှိပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဖွံ့ဖြိုးရေးစီမံချက် များ၏ အသုံးဝင်မှုများကိုလည်း သိရှိစေရန် မျှော်လင့်ပါသည်။



## (ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုလည်း စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်နယ်အဆင့်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍများအတွက် အသုံးဝင်မှုအခြေအနေများ၊ ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများကို ချိတ်ဆက်ရာတွင် လိုအပ်သောနည်းဗျူဟာ ဖြစ်ထွန်းဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSO)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည် ။

## ( ဂ ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုများရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တိုင်းတွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် လူထုပါဝင်၍ စုစည်းကူညီဆောင်ရွက်ခြင်း၊ ဦးစားပေးလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ပြရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ ၊ နည်းပညာအခက်အခဲများ ရှိနေပါသေးသည်။ သို့ဖြစ်ပါ၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များကို အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်သွားပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် နန်းယွန်းမှ ဆိုင်ကယ် ဖြင့်သွားလျှင် (၆)နာရီခန့် ကြာမြင့်ပါသည်။ ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သည်နှင့် အညီ တောင်ကမ်းစောင်းတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း ဖြစ်ပြီး မွေးမြူရေးလုပ်ငန်းအနေဖြင့် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ်နှင့်ဘဲစသည့် တိရစ္ဆာန် များကို တစ်ပိုင်တစ်နိုင်အနေဖြင့်သာ မွေးမြူကြပါသည်။

များကို တစ်ပိုင်တစ်နိုင်အနေဖြင့်သာ မွေးမြူကြပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ (၈၀) မှ (၉၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ တောင်ပေါ်ဒေသဖြစ်သည့်အတွက် စိုက်ပျိုးမြေရရှိရန် တောင်ယာခုတ်၍ စိုက်ပျိုးရသည့်အတွက် တောင်ယာများ ပိုင်ဆိုင်ကြပါသည်။ အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ ပြောင်းဖူး၊ ပီလောပီနံ၊ ပိန်းဥ၊ မျောက်ဥနှင့် အာလာကျီဖြစ်ပါသည်။ ရေမြေသဘာဝ ရာသီဥတုကောင်းမွန်သည့်အတွက် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ မြေဆီလွှာပျက်စီးခြင်းစသည့် သဘာဝဘေးအန္တရာယ် ကျရောက်မှုများ နည်းပါးသော်လည်း လူနေအိမ်များမှာ ယုံး၊ သက်ကယ်၊ ဝါးများဖြင့်တည်ဆောက် ထားသည့်အတွက် မီးလောင်လွယ်သည့် အခြေအနေတွင်ရှိပါသည်။ သို့သော်ငြားလည်း ယခုအချိန် ထိ ကျေးရွာတွင် မီးဘေးအန္တရာယ်ကျရောက်မှု မရှိသေးပါ။

## ( ခ ) သဘာဝအရင်းအမြစ်

ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်သောကြောင့် တောင်ယာခုတ်၍ စိုက်ပျိုးမြေဖော်ဆောင်ရသောကြောင့် တောင်ယာမြေများသာ အသင့်အတင့်ပိုင်ဆိုင်ကြပြီး မြေဆီလွှာအသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတများ မထွက်ရှိပါ။ တောင်သူများသည် သီးနှံစိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကထားစိုက်ပျိုးကြပြီး၊ စိုက်ပျိုးနိုင်သည့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းများရှိပြီး စပါး၊ ပြောင်း၊ အာလာကျီ၊ ပီလောပီနံ စသည့် သီးနှံများကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

## (က) လူဦးရေဆိုင်ရာ အချက်အလက်များ

အိမ်ထောင်စုပေါင်း(၁၆၅)စုနှင့် ကျား(၅၁၇)၊ မ(၄၉၃)ဦးဖြင့် လူဦးရေပေါင်း(၁၀၁၀)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၆%)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း(၅)ဦးထက်များနေပါသည်။ ကျေးရွာတွင် နာဂလူမျိုးများသာနေထိုင်ကြပြီး အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း၏ (၄၈%)ခန့်ရှိသဖြင့် လူသားအရင်း အမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို ကောင်းမွန်သော လေ့ကျင့်သင်ကြားပေးခြင်းများ ရှိပါက ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည့် အနေအထားတွင် ရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်( ၁% )မျှ ပိုများပါသည်။ ကျေးရွာတွင် ထိခိုက်လွယ်

သော သက်ကြီးရွယ်အိုများရှိသော်လည်း ဒေသ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံအရ ထိန်းသိမ်းစောင့်ရှောက်နိုင်သော အခြေအနေမျိုးတွင်ရှိသဖြင့် စိတ်ပူပင်ရသော အနေအထားတွင် မရှိပါ ။

၄

## ( ခ ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းနေပါသည်။ ဆင်းရဲသောအဆင့်သတ်မှတ်မှုတွင် ၃၁%၊ ချမ်းသာသော အဆင့်သတ်မှတ်မှုတွင် ၁၅% ၊ အလယ်အလတ်အဆင့်သတ်မှတ်မှုတွင် ၃၀% ၊ အလွန်ဆင်းရဲသော အဆင့် သတ်မှတ်မှုတွင် ၂၄%ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် ရွှေ့ပြောင်းတောင်ယာပိုင်ဆိုင်မှု လက်လှမ်းမီသည့်အနေအထားတွင်ရှိသဖြင့် ကျေးရွာစီးပွားရေးအခြေအနေမှာ သင့်တင့်သော အနေအထားတွင် ရှိပါသည်။ ကျေးရွာတွင်းရှိ အိမ်တိုင်းနီးပါ ရွှေ့ပြောင်းတောင်ယာ ပိုင်ဆိုင်ကြသော်လည်း သီးနှံထွက်နှုန်းမှာ မတူညီကြသည့်အတွက် စားဝတ်နေရေးကို ရုန်းကန်လှုပ်ရှားနေကြရသော အိမ်ထောင်စုများလည်း ရှိပါသည် ။

## ( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်းရှိ ပြည်သူလူထုသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထား လုပ်ကိုင်ကြသော်လည်း ဝမ်းစာဖူလုံမှုတွင် ခက်ခဲသောအိမ်ထောင်စု များစွာရှိပါသည်။ ရာသီအလိုက် သီးနှံများ စိုက်ပျိုးကြပြီး ကျပန်းလုပ်ငန်းများကိုလည်း ရှာဖွေလုပ်ကိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%)ဖြစ်သော အိမ်ထောင်စု (၉)ခုကို လေ့လာစမ်းစစ်မှုအရ ၎င်းတို့ ၏ (၂၂%)မှာ သူတစ်ပါးထံတွင် ချေးငှားပြီး အသက်ရှင်နေထိုင်ကြပါသည် ။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ပြည်သူလူထုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပါသည်။ သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များပါ ဒေသအခြေအနေအရ ကြံ့ခိုင်သောအနေအထားတွင် ရှိပါသည်။ ဝမ်းစာဖူလုံမှု ခက်ခဲသောအိမ်ထောင်စုများရှိ ကလေးသူငယ်အများစုမှာမူ အာဟာရနှင့် ပတ်သက်သော ချို့တဲ့မှုဖြစ်စဉ် အနည်းငယ်သာ ရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည် တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ နည်းပါးကြသည်။ ကျေးရွာသူ/သားများ အနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ကျေးရွာရှိကျေးလက်

ဆေးပေးခန်းတွင် ရရှိသော်လည်း၊ အသေးစားခွဲစိတ်ကုသမှုများအား ကျေးရွာနှင့် (၄၂)မိုင်ကျော် ကွာဝေးသော ဒုံဟီးမြို့၊ တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် စိမ့်စိမ်းရေကိုသာ အဓိကထားသုံးစွဲကြရသည်။ စိမ့်စမ်းရေကိုသာ သောက်သုံးရသောကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်လေ့ရှိပါသည်။ တောင်ပေါ်ဒေသဖြစ်သောကြောင့် ငှက်ဖျားရောဂါများ အလွယ်တကူ ဖြစ်ပွား လေ့ရှိသည်။



## ( င ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းသာ ရှိပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာကို ဒုံဟီးမြို့နှင့် နန်းယွန်းမြို့များတွင် တက်ရောက်ကြပါသည်။ ကျေးရွာသူ ၊ ကျေးရွာသားအများစုသည် အခြေခံစာရေး၊ စာဖတ်တတ်မြောက်ကြပြီး လက်ရှိအထိတက္ကသိုလ်တွင် ပညာလေ့လာဆည်းပူးနေသူ အနည်းငယ်ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများတွင် ကျွမ်းကျင်လုပ်သားများစွာရှိသော်လည်း အသက်မွေးဝမ်းကျောင်းမှုပညာများမှာမူ နိမ့်ကျနေဆဲဖြစ်သည်။ လူငယ်၊ လူရွယ်ပေါ်များသော်လည်း ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများမှာ နိမ့်ကျနေဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ စနစ်တကျနေထိုင်မှု ရှိပါသည်။ ကျေးရွာတွင် ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုများနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။ ကိုယ်ကာယ လက်ရုံးရည်ကို အားကိုး၍ အသက်မွေးဝမ်းကျောင်းပြုရသည့် ဒေသဖြစ်သောကြောင့် အမျိုးသားများနှင့် အမျိုးသမီးများတို့၏ လုပ်အားခများမှာမူ တန်းတူရရှိခြင်းမရှိပါ။ ကျေးရွာ၏အုပ်ချုပ်ရေးကဏ္ဍများတွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိပါ ။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများရှိကြပါသည်။ အဆိုပါ အဖွဲ့အစည်များမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်မှု အားနည်းကြပါသည်။ သို့သော် ကျေးရွာတွင်းရှိ အုပ်ချုပ်ရေးယန္တရား

ကိုမူ အထောက်အပံ့များစွာ ပေးပါသည် ။ ကျေးရွာဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်ကြသော်လည်း တိကျသော လုပ်ငန်းတာဝန်များ မရှိပါ ။

## (ခ) သီးနှံ၊ သား၊ ငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် ဆန်စပါးကိုသာ အဓိက စိုက်ပျိုးကြပြီး တောင်ယာလုပ်ငန်းခွင်သုံး ကိရိယာများ ဝယ်ယူအသုံးပြုနိုင်ခြင်းမရှိပါ။ တောင်ယာလုပ်ငန်းများတွင် အများစုမှာ ချွန်း၊ ပေါက်တူး၊ ဓါးများဖြင့်သာ အသုံးပြုစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဘဲနှင့်ဆိတ် စသည့် အိမ်မွေးတိရိစ္ဆာန်များကို တပိုင်တနိုင် မွေးမြူကြပါသည်။ တောင်ပေါ်ဒေသဖြစ်သည့်နှင့် အလျောက် ငါးမွေးမြူရေးလုပ်ငန်းလုပ်ဆောင်သူ မရှိပါ ။

၆

## (ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ရာသီပေါ်သီးနှံများအား ခေါင်းရွက်ဖျက်ထိုး ရောင်းချသူများနှင့် ကုန်စုံဆိုင်ဖွင့်၍ ရောင်းချသူ အနည်းငယ်ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် ပွင့်လင်းရာသီနှင့် သီးနှံရိတ်သိမ်းပြီးကာလများတွင် နေ့စားအလုပ်သမားများအဖြစ်သော်လည်းကောင်း၊ ကျပန်းလုပ်သားများအဖြစ်သော်လည်းကောင်း လုပ်ကိုင်ကြပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးသောကြောင့် ပုံမှန်ဝင်ငွေမရှိပါ ။

ကျေးရွာတွင် လုပ်ငန်းလုပ်ကိုင်နိုင်သော လူဦးရေများပြားသော်လည်း အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ စက်မှုလက်မှုအတတ်ပညာတတ်မြောက်မှုနည်းပါးခြင်း၊ အခြားဝင်ငွေရလုပ်ငန်းလုပ်ကိုင်နိုင်ရန် ငွေကြေးအရင်းအနှီးမရှိခြင်းနှင့် အခြားမြို့ရွာများသို့ သွားရောက်လုပ်ကိုင်သူ နည်းပါးသောကြောင့် ငွေကြေးအခက်အခဲများ ရင်ဆိုင်ရပါသည် ။

## (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

ကျေးရွာတွင် တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးများကြပါသည်။ မိရိုးဖလာနေထိုင်မှုစနစ်ကို ကျင့်သုံးနေထိုင်သူ များပြားသောကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုများအတွက် များစွာအဟန့်အတား ဖြစ်စေသည်။ ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို လုပ်ကိုင်သူများသည့်အတွက် စိမ့်စမ်းရေထွက်ရှိမှုမှာလည်း များစွာလျော့နည်းလျက်ရှိပါသည် ။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်သူများနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ သည် အများအားဖြင့် အစိုးရဌာနများ၊ အခြားပြင်ပ အဖွဲ့အစည်းများထံမှ ချေးငွေရယူခြင်း မရှိဘဲ၊ ကျေးရွာ တွင်း ငွေကြေးအဆင်ပြေလည်သူများထံမှ ချေးငွေရယူနေရပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုများသည် အများအားဖြင့် စားနပ်ရိက္ခာဖူလုံကြသော်လည်း ပညာရေး၊ ကျန်းမာရေး အတွက် ငွေကြေးချေးယူသုံးစွဲရသည့် အလေ့အထများ ရှိပါသည် ။

**(စ) ပညာရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းကျောင်းရှိပြီးကျောင်းမှာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဖြင့် ဆောက်လုပ် ထားပါသည်။ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော ရိုးရာအိမ်ပုံစံ စာသင်ကျောင်းမှာ ဝါးခင်း ၊ ဝါးကာ၍ ယုံးမိုးထားပါသည်။ ဟောင်းနွမ်းနေပြီး မိုးမလုံပါ။ ကျောင်းတွင်ဆရာ/ဆရာမ လုံလောက် မှုရှိသော်လည်း၊ ကျောင်းဆောင်အတွင်း ပရိဘောဂပစ္စည်းများ လိုအပ်လျက်ရှိပါသည်။ သောက် သုံးရေအတွက် ရေလုံလောက်မှု မရှိပါ။ ကျေးရွာ၏ (၄၂)ခန့်သာ ယင်လုံအိမ်သာကို သုံးစွဲကြပြီး အများစုမှာမူ တွင်းရှိအိမ်သာအမျိုးအစားများကိုသာ အသုံးပြုကြပါသည် ။



**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သည့်အနေအထား သီးသန့်မရှိပေ။ ကျေးရွာသူ ၊ ကျေးရွာသားများသည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သာရေး၊ နာရေး ကိစ္စရပ်များတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး၊ ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာ အကအလှများဖြင့် ပါဝင်ဆင်နွှဲကြသည်။ ၎င်းတို့လူမျိုးများ၏ ရိုးရာဓလေ့များကို အလေးထား စောင့် ရှောက်ကြသည်။

**(ဇ) အခြေခံအဆောက်အဦများအား လက်လှမ်းမှီမှု လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာ၏ ရွာတွင်းလမ်းများမှာ လူသွားလမ်းအဖြစ်သာ တည်ရှိနေပြီး၊ ရွာတွင်းလမ်းအဖြစ် သတ်သတ်မတ်မတ် ဖောက်လုပ်ထားခြင်းမရှိပါ။ ကျေးရွာတွင် ဆက်သွယ်ရေးတာဝါတိုင်မရှိသည့် အတွက် တယ်လီဖုန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအား အချိန်နှင့်တပြေးညီ မရရှိ နိုင်သည့်အပြင်၊ လျှပ်စစ်မီးမရရှိသေးဘဲ ဆိုလာပြားများ၊ အခြားအလင်းပေးသည့်အရာများ၊ ထင်းမီး များဖြင့်သာ အသုံးပြုနေရပါသည် ။ ကျေးရွာတွင် စာကြည့်တိုက်လည်း မရှိသေးပါ ။

**(ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပါသည်။ ရွာသားများတွင် မူးယစ်ဆေးဝါး သုံးစွဲမှု အနည်းငယ်ရှိနေပြီး၊ ကျေးရွာတွင် လုံခြုံရေးအားနည်းသဖြင့် အဖိုးတန်ပစ္စည်း မဟုတ်သော်လည်း အနည်းငယ်မျှသောပစ္စည်းများ မကြာခဏပျောက်တတ်သည်။ ကျေးရွာတွင် သဘာဝ ဘေးအန္တရာယ် လျှော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ကျေးရွာတွင်း ပြဿနာ အများစုကိုမူ ရိုးရာအဖွဲ့အစည်းမှ ကိုင်တွယ်ဖြေရှင်းလေ့ရှိပါသည် ။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာတွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေသည့် မြေသားလမ်းများ ဖောက်လုပ်ထားရှိပေးခြင်းသည် ကောင်းမွန်သော လူနေမှုအဆင့်တန်း မြင့်မားစေသည့် အထောက်အပံ့များ ရရှိစေပါသည်။ ကျေးရွာရှိ ရွာသူ/ရွာသားများ၏ (၄၈%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည့်အတွက် လုပ်သားအင်အားအရင်းအမြစ်ရှိပါသည်။ ခွဲစိတ်ကုသမှုများအတွက် အနီးဆုံးဖြစ်သော ဒုံပဲကီးမြို့၊ တိုက်နယ်ဆေးရုံသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် မူလတန်းကျောင်း ရှိသော်လည်း ကလေးသူငယ်များအတွက် မူကြိုကျောင်းဆောင် မရှိသည့်အတွက် ကျေးရွာအတွက် များစွာအခက် အခဲရှိပါသည် ။



မိုးရွာသွန်းမှုမှာ စပါးနှင့် အခြားဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် အထောက်အပံ့ ဖြစ်စေပါသည်။ တောင်ယာထွက်ကုန်နှင့် ရာသီပေါ်သီးနှံများကိုလည်း မြို့နှင့်ဝေးသောကြောင့် အလွယ်တကူရောင်းချနိုင်ရန် အခက်အခဲများ ရှိနေပါသည်။

ကျေးရွာတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲနှင့် ဆိတ်စသည့် တိရိစ္ဆာန်များကို စီးပွားဖြစ် မဟုတ်ဘဲ ခိုင်းစေရန်နှင့် ဟင်းလျာအတွက်သာ တပိုင်တနိုင်မွေးမြူကြပါသည်။ ကြက်နှင့်ဝက်များကို စီးပွားဖြစ်မွေးမြူရန်အတွက် အရင်းအနှီးလိုအပ်လျက်ရှိပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုများကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးစေလိုပါသည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်း ဖြစ်ပွားမှုနည်းပါးပြီး ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ တောင်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မတွေ့ရှိပါ။ စိုက်ခင်းများတွင် ကျရောက်တတ်သော ဖျက်ပိုးများနှင့်ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအမံများအား ကျေးရွာမှ ရေးဆွဲထားခြင်း မရှိပေ။ ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းမရှိသဖြင့် ပုံမှန်ဝင်ငွေမရရှိကာ အင်အားစုများကို အကန့်အသတ်ဖြင့်သာ သုံးစွဲရပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းများအတွက် ကုန်ကြမ်း တတ်သိနားလည်မှုအထိအတွေ့မှာ အလွန်အားနည်းလှပါသည်။ မိရိုးဖလာ လက်မှုပညာများ တတ်မြောက်ကြသော်လည်း ပြန်လည့်ဖြန့် ဖြူးနိုင်သည့် အနေအထားမရှိပေ။

## ၆။ ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(၁) ကျွန်ုပ်တို့၏ ကျေးရွာသည် ခေတ်မီသော စိုက်ပျိုးရေးနည်းဗျူဟာများ၊ ဆေးဝါးများ၊ မျိုးကောင်းမျိုးသန့်များရရှိပြီး တောင်သူလယ်သမားတို့၏ ဖွံ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် ထုတ်ကုန်နှစ်ဆ တိုးမြှင့်လာနိုင်စေရမည်။

(၂) ကျနုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတဆင့် ကလေးငယ်များ၏လူငယ်ဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကိုကျယ်ဝန်းလာစေရမည်။

(၃) ကျနုပ်တို့ရွာလူထုသည် ပညာရေး၊ ဘာသာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အတူတကွ လက်တွဲဆောင်ရွက်ခြင်းဖြင့် စည်းလုံးညီညွတ်သော စံပြကျေးရွာ ဖြစ်လာစေရမည်။



### (ခ) အကောင်အထည်ဖော် နည်းဗျူဟာ

ကျနုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိနိုင်ရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားပါမည် ။

ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားချေးငွေလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်သွား

မည်။ အရင်းအနှီးငွေများရရှိလာပါက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေး မည်။ လာမည့်နှစ်များတွင် ကျေးရွာ၏တိုးတက်မှုသည် လက်ရှိအခြေအနေများထက် များစွာ သာလွန်နေအောင် စွမ်းဆောင်သွားပါမည် ။

## ၇။ ဦးစာပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

### (က) ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျေးရွာလမ်း** | ဆိုင်ကယ်လမ်းဖောက်လုပ်ခြင်း | ၁၀၀ | ၁ | ကျေးရွာ၏ အလိုအပ်ဆုံးဖြစ်သော ကျေးရွာတွင်း ဆိုင်ကယ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား ကျေးရွာကော်မတီမှ ဦးဆောင်၍ ဆောင်ရွက်သွားပါမည် ။ | ကျေးလက် |
| **ကျေးရွာအဆောက်အဦး** | မီးလင်းရေး | ၉၀ | ၂ | ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့်လိုအပ်သည့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည် ။ | ကျေးလက် |
| **ကျေးရွာအဆောက်အဦး** | ပညာရေး ဝန်ထမ်းအိမ်ယာ | ၈၀ | ၃ | ပညာရေး ဝန်ထမ်းအိမ်ယာ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့်လိုအပ်သည့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည် ။ | ကျေးလက် |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျေးရွာအဆောက်အဦး** | KG ကျောင်းဆောင် | ၇၀ | ၄ | KG ကျောင်းဆောင်ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့်လိုအပ်သည့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် အကူအညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည် ။ | ကျေးလက် |
| **ကျန်းမာရေး** | ရေပေးရေး | ၆၀ | ၅ | ရေပေးရေးလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ရန်ပုံငွေနှင့် လိုအပ်သည့် နည်းပညာအထောက်အပံ့ ရရှိနိုင်ရန် အကူ အညီပေးနိုင်မည့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ | ကျေးလက် |

**( ခ )  အကောင်အထည်ဖော်မည့် အချိန်ကာလ**

| စဉ် | စီမံချက် | အဆင့် | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ | ၂၀၂၆ | ၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁ | ဆိုင်ကယ်လမ်း ဖောက်လုပ်ခြင်း | ၁ | | | | | |
| ၂ | မီးလင်းရေး | ၂ | | | | | |
| ၃ | ပညာရေး ဝန်ထမ်းအိမ်ယာ | ၃ | | | | | |
| ၄ | KG ကျောင်းဆောင် | ၄ | | | | | |
| ၅ | ရေပေးရေး | ၅ | | | | | |

## ၈။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုမှ ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | အမည် | လုပ်ငန်းတာဝန် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးအန်းမိုင်း | ဥက္ကဌ | | |
| ၂ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးအန်းလိုး | အတွင်းရေးမှူး | | |
| ၃ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးအန်းယော(၃) | စာရင်းကိုင် | | |
| ၄ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးကိုင်သ | ဘဏ္ဍာရေးမှူး | | |
| ၅ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးအန်းယော(၁) | အဖွဲ့ဝင် | | |
| ၆ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးကွေးပေါ် | အဖွဲ့ဝင် | | |
| ၇ | ကဲဆန်ဆာလင် | ကဲဆန်ဆာလင် | ဦးအန်းယော(၂) | အဖွဲ့ဝင် | | |

## (ခ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ သတ်မှတ်ချိန်အတွင်းပြီးစီးရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် အဖွဲ့အစည်းအသီးသီးနှင့် ကော်မတီအသီးသီးအား လုပ်ငန်းတာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများအား ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ **ဥပမာ** - မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာထုတ်ကုန် အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည် ။

## (ဂ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်ရသော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုအပ်ပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ်နိုင်သော နည်းပညာအကူအညီများအား ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ **ဥပမာ**- မိဘဆရာအသင်းသည် မူလတန်းပညာသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။လယ်သမားအဖွဲ့အစည်းသည်လည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုစေရန်အတွက် သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများထံမှ နည်းပညာနှင့် အကြံဉာဏ် လိုအပ်ချက်များကို ရယူဆောင်ရွက်ရမည် ဖြစ်ပါသည် ။

( ဃ ) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

တောင်သူအဖွဲ့

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | စပါးအထွက်နှုန်း ကျဆင်းခြင်း | - စပါးမျိုးကောင်း၊မျိုးသန့် မရရှိခြင်း ၊<br>- သဘာဝအရ သီးနှံဖျက် ပိုးများ ပေါ်များခြင်း | -စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း၊<br>- သီးနှံဖျက်ပိုးကို တိုက်ထုတ် ရန်တောင်သူလယ်သမား များစိတ်အားထက်သန်ခြင်း | - မျိုးကောင်း၊မျိုးသန့်ဝယ်ယူရန် ငွေကြေးအခက်အခဲဖြစ်ခြင်း၊<br>- သီးနှံဖျက်ပိုး အန္တရာယ်မှကာ ကွယ်ရမည့်နည်းလမ်းမသိရှိခြင်း။ | နည်းလမ်း၊အကြံဉာဏ်ပေး နိုင်သော ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | - စပါးမျိုးကောင်း၊မျိုးသန့် ရရှိ လိုခြင်း ၊<br>- စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးပွဲများ ပို့ချလိုခြင်း ။ |
| ၂ | စပါးဈေးကောင်း မရရှိခြင်း | စပါးအရည်အသွေး ကျဆင်းခြင်း | စပါးစိုက်ပျိုးရန် မြေကေများ ရှိခြင်း | စိုက်ပျိုးရေးအသိပညာအားနည်း ခြင်း ။ | နည်းလမ်း၊အကြံဉာဏ်ပေး နိုင်သော ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | |
| ၃ | စိုက်ပျိုးရေ ခက်ခဲခြင်း | | | | | |

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သောအဖွဲ့

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | ပုံမှန်ဝင်ငွေ မရရှိခြင်း | | | | | |
| ၂ | ဝင်ငွေရလုပ်ငန်း ရှားပါးခြင်း | | | | | |
| ၃ | အသက်မွေးဝမ်းကျောင်း ပညာမတတ်မြောက်ခြင်း | | | | | |



အမျိုးသမီးအဖွဲ့

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | <u>ကျောင်းသား/သူများ စာကျက်ရာတွင် မီးခက်ခဲခြင်း</u> | | | | | |
| ၂ | အိမ်တွင်းမှုပညာ မတတ်မြောက်ခြင်း | | | | | |
| ၃ | ကျန်းမာရေးဆရာမ အမြဲအနေခြင်း | | | | | |
| ၄ | | | | | | |



**လူငယ်အဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | အားကစားလုပ်ရန် နေရာမရှိခြင်း | | | | | |
| ၂ | မူးယစ်ဆေးဝါးသုံးစွဲသူ များပြားခြင်း | | | | | |
| ၃ | အသက်မွေးဝမ်း ကျောင်းပညာမတတ် မြောက်ခြင်း | | | | | |
| ၄ | | | | | | |



**ရပ်မိရပ်ဖအဖွဲ့**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
| --- | --- | --- | --- | --- | --- | --- |
| ၁<br><br><br><br>၂<br><br><br>၃ | <u>ကျေးရွာတွင်းလမ်းများမကောင်းခြင်း</u><br>ပညာရေးဆရာမများ နေထိုင်ရေးခက်ခဲခြင်း<br><br>ကျေးရွာတွင်းသောက်သုံးရေ ခက်ခဲခြင်း | | | | | |

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၁၉ | ၂၈ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက် ကလေးငယ် | ၇၄ | ၅၂ | ၁၂၆ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်း ကျောင်းသားအရွယ် | ၆၉ | ၆၁ | ၁၃၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်း ကျောင်းသားအရွယ် | ၈၈ | ၇၁ | ၁၅၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့် အရွယ် | ၂၂၇ | ၂၂၈ | ၄၅၅ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး. | ၅၀ | ၆၂ | ၁၁၂ |
| **စုစုပေါင်း** | | **၅၁၇** | **၄၉၃** | **၁၀၁၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၅၇** | | **တစ်အိမ်ထောင်ပျမ်းမျှ လူဦးရေ - ၆ %** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်** ။ ။ အထက်ပါကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၅၇)စုရှိပြီး ၊ နို့စို့အရွယ် ကလေးငယ်(၂၈)ဦး၊ လမ်းမလျှောက်နိုင်သော သက်ကြီးရွယ်အို(၄)ဦး ၊ ကိုယ်ဝန်ဆောင်မိခင်(၁၀)ဦး နှင့် တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ (၆)ယောက်နှုန်း ရှိပါသည်။ ထိခိုက်လွယ်သောအုပ်စုဝင်များ ရှိသော်လည်း မစိုးရိမ်ရသည့် အနေအထားများတွင် ရှိပါသည် ။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ် အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရရှိနိုင်သော ရေအရင်းအရင်း အမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | - | - | - | - |

| | | | | |
|---|---|---|---|---|
| ယာမြေ | ၄၂၀ | ညံ့ | အနည်းအကျဉ်း | စိမ့်စမ်း |



| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့** | **ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)** | **ရရှိနိုင်သော ရေအရင်းအရင်း အမြစ် (မြေအောက်ရေ၊ ချောင်း၊ မြစ်၊ စိမ့်စမ်း စသည်)** |
|---|---|---|---|---|
| ဥယျာဉ်ခြံမြေ | ၁၅၂ | ညံ့ | အနည်းအကျဉ်း | စိမ့်စိမ်း |
| အိမ်ခြံဝင်းစိုက်ခင်း | - | - | - | - |
| ကိုင်း/ ကျွန်းမြေ | - | - | - | - |
| စားကျက်မြေ | ၁၂၆ | ညံ့ | အနည်းအကျဉ်း | စိမ့်စိမ်း |
| ပလပ်မြေ | - | - | - | - |
| သစ်တောမြေ | - | - | - | - |
| **စုစုပေါင်း** | **၆၉၈** | ညံ့ | အနည်းအကျဉ်း | **စိမ့်စမ်း** |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)။** ။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစု သည် တောင်ယာမြေပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကအားထား လုပ်ကိုင်ကြပါ သည်။ ဆန်စပါးကို တောင်ယာတွင် အဓိကစိုက်ပျိုး၍ စားနပ်ရိက္ခာအတွက် ဟင်းသီးဟင်းရွက်နှင့် ပြောင်းများကိုမူ ယာခင်းများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးအသိပညာ အားနည်း ခြင်း၊ သဘာဝမြေသြဇာပြုလုပ်၍ မသုံးစွဲတတ်ခြင်း စသည့်အားနဲချက်များကြောင့် သီးနှံထွက်ရှိမှု နှုန်းမှာ ကျဆင်းလျက်ရှိပါသည် ။

## (၂.၂) ဓါတ်သတ္တုနှင့် အခြားဘာဝအရင်းအမြစ်များ

ဇယား(၃) ဓါတ်သတ္တုနှင့် အခြားဘာဝအရင်းအမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ)** |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | မရှိ | ခက် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တုကျောက်၊ | မရှိ | ခက် |

| | | |
|---|---|---|
| ကျောက်မီးသွေး၊ သဲ) စသည့် | | |
| တိရစ္ဆာန်မျိုးစိတ်များ | သင့် | လက်လှမ်းမှီ |

၃

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမှီ) |
|---|---|---|
| အပင်မျိုးစိတ်များ (လူ၊ တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လက်လှမ်းမှီ |
| ပျမ်းမျှအပူချိန်- ၂၅ ဒီဂရီစင်တီဂရိတ် | ပျမ်းမျှမိုးရေချိန်- ၈၅ " | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)** ။ ။ ၎င်းကျေးရွာတွင် ကျောက်မျက်နှင့် ဓါတ်သတ္တုပစ္စည်းများ မထွက်ရှိပါ။ တိရိစ္ဆာန်မျိုးစိတ် အများစုရှိပါသည်။ ထို့အပြင် နွား၊ နွားနောက်၊ ကျွဲ၊ ဆိတ်အစာ (တောင်စောင်း)နှင့် သဘာဝပေါက်ပင်များပေါ်များပြီး ဆေးဖက်ဝင်သည့် အပင်များဖြစ်သော မြင်းခွာရွက်၊ ဆင်တုံးမနွယ်ပင်၊ ဂျာမနီပင်၊ ဂမုန်း၊ ခေတ္တာ၊ တပင်တိုင်ဥ၊ သံမနိုင်ကျောက်မနိုင်ပင်၊ ဂျင်း၊ မိတ်သလင်၊ နနွင်း၊ ဂရိတ်ဖုပင်များ အသင့်အတင့် ပေါ်များပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | လုပ်ငန်းတာဝန် | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ဘာသာရေး | ၃ | ကျန်းမာရေး<br>ဘာသာရေး<br>သာရေး/နာရေး<br>လူမှုဖွံ့ဖြိုးရေး | သင့် |

| | | | | |
|---|---|---|---|---|
| ၂ | လူငယ်အဖွဲ့ | ၂ | ဘာသာရေး<br>သာရေး/နာရေး၊<br>လူမှုဖွံ့ဖြိုးရေး | သင့် |

၄

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား | လုပ်ငန်းတာဝန် | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၃ | အမျိုးသမီးအဖွဲ့ | ၂ | ကျန်းမာရေး<br>ဘာသာရေး<br>သာရေး/နာရေး | သင့် |
| ၄ | ရိုးရာအဖွဲ့ | ၃ | ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး<br>သာရေး/နာရေး<br>လူမှုဖွံ့ဖြိုးရေး | သင့် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)။** ။ကျေးရွာအတွင်းရှိ လူမှုရေးအဖွဲ့အစည်းများသည် လူမှုရေးကိစ္စရပ်များနှင့် ဘာသာရေးကိုအခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းများကိုသာ ဦးစားပေးလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ သီးသန့်လုပ်ငန်းတာဝန်ကို ဦးစားပေးဆောင်ရွက်သော အဖွဲ့အစည်းမရှိပါ။ ဒေသ၏ လိုအပ်ချက်များကို လိုက်လံဖြည့်ဆည်းပေးသည့်

အဖွဲ့အစည်းများအနေဖြင့်သာ တည်ရှိပါသည်။ အဖွဲ့အစည်းတိုင်းတွင် သီးသန့်လက်ခံရရှိထားသည့် ရန်ပုံငွေများ မရှိသည့်အပြင် လူမှုကဏ္ဍအရသာ ကူညီပေးနိုင်သော အဖွဲ့အစည်းများသာဖြစ်ပါသည်။ သြဇာလွှမ်းမိုးမှုမှာ ထိုက်သင့်သော အခြေအနေတွင်သာရှိပါသည် ။



## (၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာမြေ ပိုင်ဆိုင်မှု | ၃ ဧကအထက် | ၂ဧက | ၁ဧက | မပိုင် |
| အိမ်အခြေအနေ | သက်ကယ်မိုး၊ ကပ်ကာ၊ ဝါးကြမ်းခင်း | သက်ကယ်မိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း | ယုံးမိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း | ယုံးမိုး၊ ဝါးထရံကာ၊ ဝါးကြမ်းခင်း |
| အဓိကစီးပွားရေးလုပ်ငန်း | စိုက်ပျိုးရေး | စိုက်ပျိုးရေး | စိုက်ပျိုးရေး၊ ကျပန်း | ကျပန်း |
| ပိုင်ဆိုင်မှု | ကျွဲ ၊ နွား ၊ ဆိုင်ကယ်၊ဖုန်း | နွား၊ဆိုင်ကယ် ၊ ဖုန်း | - | - |
| **အိမ်ထောင်စု** | **၂၃** | **၆၇** | **၄၉** | **၃၈** |

ရင်းမြစ်…(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)**။ ။ကျေးရွာတွင်နေထိုင်ကြသော မိသားစုလူမျိုးများသည် နာဂလူမျိုးများသာ ဖြစ်ပါသည်။ နာဂတို့၏ဓလေ့ထုံးစံအရ ဆောက်လုပ်နေထိုင်ကြသော နေအိမ်များကိုကြည့်ချင်အားဖြင့် စီးပွားရေးအဆင့်အတန်းကို ခွဲခြား၍မရနိုင်ပေ။ အဆင်ပြေသော အိမ်ထောင်စုများတွင် ဆိုင်ကယ်၊ တီဗွီနှင့် စလောင်းများ ရှိကြပါသည်။ ကျေးရွာတွင်းရှိ အိမ်ထောင်စုတိုင်းလိုလို တောင်ယာမြေ ပိုင်ဆိုင်ကြသောကြောင့် မိသားစုစားဝတ်နေရေးအတွက် ဆန်၊ စပါးကို မပူပင်ရသော်လည်း သုံးစွဲစရာငွေကြေးအတွက် ခက်ခဲပါသည်။ အဆင်မပြေသောအိမ်ထောင်စုများအနေဖြင့် သီနှံရိတ်သိမ်းပြီးချိန်များတွင် အပိုဝင်ငွေရရှိစေရန်အတွက် ကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည် ။



## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု ( % ) | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၉ | ၁၂ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ကေအောက် (၁ဟတ်တာထိ) | ၆၈ | ၄၃ % | ဆင်းရဲသား တောင်သူ |
| ၃ | ၂.၅ ကေမှ ၅ ကေထိ (၂ ဟတ်တာထိ) | ၄၇ | ၃၀ % | တောင်သူငယ် |
| ၄ | ၅ ကေမှ ၁၂.၅ ကေကြား ( ၅ ဟတ်တာထိ ) | ၂၃ | ၁၅ % | အလယ်အလတ် စားတောင်သူ |
| ၅ | ၁၂.၅ ကေအထက် ( ၅ ဟတ်တာနှင့် အထက် ) | - | - | တောင်သူကြီး |
| **ကျေးရွာရှိ အိမ်ထောင်စုစုစုပေါင်း** | | **၁၅၇** | **၁၀၀ %** | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊(၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)**။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်ဆောင်ရွက်ကြပါသည် ။ မိသားစုတိုင်းလိုလို တောင်ယာမြေ ပိုင်ဆိုင်ကြသည့်အတွက် စားဝတ်နေရေးကို ဖြေရှင်းနိုင်ကြပါသည် ။ ယာခင်းများတွင် ဟင်းသီး၊ဟင်းရွက်များကို စိုက်ပျိုးကြပြီး မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းကြပါသည်။ တောင်သူကြီးစာရင်းဝင် အိမ်ထောင်စုမရှိပေ။ ယာမြေ ပိုင်ဆိုင်ခြင်းမရှိသော အိမ်ထောင်စု(၁၉)စုရှိပါသည်။



### (၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား(၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊ သင့်၊ များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | |
| စပါး | ၁၀၈ | တင်း | ၇၀ | ၆၀ | ၆၅ | သင့် |
| ပိန်းဥ | ၄၀ | ပိဿာ | ၁၃၀ | ၁၇၀ | ၁၅၀ | သင့် |
| ပီလောပီနံ | ၅၀ | ပိဿာ | ၄၀ | ၁၀ | ၁၅ | သင့် |
| ပြောင်းဖူး | ၂၀ | တင်း | ၂၀ | ၁၀ | ၂၅ | သင့် |
| အာလာကျီ | ၇.၅ | ပိဿာ | ၁၀ | ၅၀ | ၄၀ | သင့် |
| မုန်ညင်း | - | - | - | - | - | - |
| ဂေါ်ဖီ | - | - | - | - | - | - |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)** ။ ။ ကျေးရွာရှိယာမြေများတွင် ဆန်စပါးကိုသာ အဓိကအားထား စိုက်ပျိုးကြပါသည်။ အာလာကျီသည် ကျေးရွာအတွက် အားထားရသော သီးနှံတစ်ခုဖြစ်သည်။ အာလာကျီအား သီးသန့်စိုက်ပျိုးသူ နည်းပါးသော်လည်း အလေ့ကျပေါက်ပင်များ ၊ နေအိမ်အတွင်း စိုက်ပျိုးခြင်းများ ရှိပါသည် ။ စိုက်ပျိုးသော်လည်း၊ အခြားသီးနှံများ

ဖြစ်သည့် ပြောင်းဖူး၊ ပီလောပီနံ၊ ပိန်းဥ၊ ပဲတောင့်ရှည်၊ ကန်စွန်းဥ၊ မြောက်ဥနှင့် ဟင်းသီးဟင်းရွက် အပင်များဖြစ်သည့် မုန်လာဥ၊ ဂေါ်ဖီထုပ်၊ ဟင်းနုနွယ်၊ ဆလပ်ရွက်၊ မုန့်ညှင်းပင်၊ ပန်းမုန်လာပင်များ ကိုလည်း ရာသီအလိုက် စိုက်ပျိုးကြပါသည်။ နှစ်ရှည်ပင်များဖြစ်သည့် လိမ္မော်ပင်၊ ကဗ္ဗလာပင်၊ ကျွဲကောပင်၊ ရှောက်ပန်းပင်၊ သရက်ပင်၊ ပိန္နဲပင်နှင့် သစ်တော်ပင် အနည်းငယ်စိုက်ပျိုးသော အိမ်ထောင်စုများလည်း ရှိပါသည်။ ရာသီဥတု ကောင်းမွန်ပြီး၊ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော ကြောင့် သီးနှံအထွက်နှုန်းမှာလည်း အသင့် အတင့်ရှိပါသည် ။ စိုက်ပျိုးရာတွင် ခေတ်မီစိုက်ပျိုးရေး နည်းလမ်းများကို အသုံးပြုခြင်းမဟုတ်ဘဲ မိရိုးဖလာ စိုက်ပျိုးရေးနည်းလမ်းများကိုသာ အသုံးပြုကြ ပါသည် ။



## (၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု** | **ကောင်ရေ** |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆ | ၁၀ |
| နို့စားနွား | - | - |
| ကျွဲ | ၁၈ | ၃၁ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | ၇ | ၂၆ |
| သိုး | - | - |
| ဝက် | ၃၆ | ၆၄ |
| ကြက် | ၈၁ | ၃၂၂ |

| | | |
|---|---|---|
| ဘဲ | ၁၃ | ၆၁ |
| နွားနောက် | ၂၀ | ၃၈ |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | - | - |
| ရေချို ငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု ။

၉

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊ စိန်ခေါ်မှုနှင့် အခြား)** ။ ။ ကျေးရွာတွင် အဓိကအားထား လုပ်ကိုင်သော တောင်သူလုပ်ငန်းကို အထောက်အကူဖြစ်စေရန် ကျွဲနှင့် နွားကို မွေးမြူကြပါသည်။ ကျွဲ ၊ နွားမရှိသော အိမ်ထောင်စုများအနေဖြင့် ကာယလုပ်အားကို အားထား၍ လုပ်ငန်းဆောင်ရွက် ကြပါသည်။ ကျေးရွာတွင် ကြက်၊ ဝက်၊ ဆိတ် နှင့်ဘဲတို့ကို စီးပွားဖြစ်သော်လည်းကောင်း၊ စားသုံးရန်အတွက်လည်းကောင်း တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ ကြက်၊ ဝက်များကို အိမ်တိုင်း နီးပါး မွေးမြူကြပါသည် ။ သို့သော်လည်း မွေးမြူသည့် တိရိစ္ဆာန်များကို စနစ်တကျ ကြည့်ရှုခြင်း ၊ မွေးမြူခြင်းများ မရှိသောကြောင့် ကူးစက်ရောဂါကျရောက်ပါက အရေးပေါ်တားဆီးနိုင်သည့် အခြေ အနေမျိုးတွင် မတည်ရှိပါ ။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးကဏ္ဍ

ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း၊ အလုပ် သမား | မိသား စုဝင် လုပ်အ | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်) နှင့်ရှင်းလင်း |
|---|---|---|---|---|---|

| | | | အရေ<br>အတွက် | ား | ဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး | - | - | - | - |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်း | - | - | - | - |
| ၅ | ယာဉ်၊စက်ကရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ခြင်း | - | - | - | - |
| ၆ | ကျွမ်းကျင်ပစ္စည်းများ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ) | - | - | - | - |



| စဉ် | လုပ်ငန်းများ<br>(ထုတ်ကုန်လုပ်ငန်း<br>နှင့် ဝန်ဆောင်မှု) | လုပ်ငန်း<br>အရေ<br>အတွက် | ဝန်ထမ်း၊<br>အလုပ်<br>သမား<br>အရေ<br>အတွက် | မိသား<br>စုဝင်<br>လုပ်<br>အား | ရပ်တည်နိုင်မှု<br>(နိမ့်၊လတ်၊မြင့်)<br>နှင့်ရှင်းလင်း<br>ဖော်ပြချက် |
|---|---|---|---|---|---|
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | - | - | - | - |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | - | - | - | - |
| ၁၀ | ငွေချေးဝန်ဆောင်မှု | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သောလုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | - | - | - | - |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေးလုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ - မရှိပါ ။** | | | | |

ရင်းမြစ်… ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အိမ်ရှိလုပ်ဆောင်နိုင်သောသူအားလုံး လုပ်ကိုင်ကြပါသည် ။ တက္ကသိုလ် ဘွဲ့ရ သူမရှိသလို ပညာဖြင့် အသက်မွေးသူများလည်းမရှိပါ။ ကျေးရွာစာသင်ကျောင်းရှိ အတန်းပညာကုန်ဆုံးပါက များသောအားဖြင့် ကျောင်းဆက်နေခြင်း မရှိဘဲ မိဘများ၏ မိရိုးဖလာ တောင်သူလုပ်ငန်းများတွင် ကူညီပါဝင်လုပ်ကိုင် ဆောင်ရွက်ကြပါသည်။



## (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

ဇယား(၁၈) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ဈေးအမည် (မြို့/ရွာ) | ဒုံဟီး | နန်းယွန်း |
| ရွာမှအကွာအဝေး (မိုင်) | ၄၀ မိုင် အထက် | ၆၀ မိုင်အထက် |
| သယ်ယူပို့ဆောင်ရေးနည်းလမ်း | ဆိုင်ကယ် | ဆိုင်ကယ် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာနှင့်အနီးဆုံးဈေးမှာ ဒုံဟီးမြို့ရှိဈေးဖြစ်ပြီး၊ ၎င်းဈေးမှ အစားအသောက် ကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာနှင့် လက်လှမ်းမီသော အကြီးဆုံးဈေးမှာ နန်းယွန်းမြို့နယ်ဈေးဖြစ်ပါသည်။ ၎င်းဈေးမှ စက်ကိရိယာပစ္စည်းများနှင့် ဆေးဝါးများကိုလည်း စုံလင်စွာရရှိပါသည် ။

## (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ဇယား(၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| **လမ်းအမျိုးအစား** | **အမျိုးအစား** | **အရည်အသွေး** | **ရာသီအလိုက် သုံးစွဲနိုင်မှု** | **လမ်းအရှည် (မိုင်)** |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁ | သင့် | တစ်နှစ်ပတ်လုံး | ၀.၁ မိုင် |
| ချဉ်းကပ်လမ်း | ၁ | သင့် | ပွင့်လင်းရာသီ | ၀.၁ မိုင် |
| ရွာချင်းဆက်လမ်း | ၁ | သင့် | ပွင့်လင်းရာသီ | ၀ - ၅ မိုင် |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက် ။ ။ မြေသားလမ်း-၁၊ ကျောက်ခင်းလမ်း-၂၊ ကျောက်ချောလမ်း- ၃၊ ကွန်ကရစ်လမ်း- ၄၊ ကတ္တရာလမ်း- ၅

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင်းရှိလမ်းများသည် ရာသီအလိုက် သုံးစွဲနိုင်သည်ဟုဆိုရာတွင်လည်း ပွင်းလင်းသည့်ရာသီတွင်သာ သွားလာရအဆင်ပြေပါသည် ။ မိုးများသော အချိန်များ တွင် ဆက်သွယ်ရေးအဖြစ် ခြေလျှင်ခရီးကိုသာ အသုံးပြုကြရပါသည် ။



## (၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား(၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| **သယ်ယူပို့ဆောင်ရေး** | Nearest town **အကွာအဝေး (မိုင်)** | **ရာသီအလိုက် သုံးစွဲနိုင်မှု** |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင်<br>၁၁ မှ ၂၀ မိုင်<br>၂၁ မှ ၅၀ မိုင် | ပွင့်လင်းရာသီ<br><br>တစ်နှစ်ပတ်လုံး |

| | | |
|---|---|---|
| | ၅၀ မိုင် အထက်<br>အသုံးမပြုပါ | |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင်<br>၁၁ မှ ၂၀ မိုင်<br>၂၁ မှ ၅၀ မိုင်<br>၅၀ မိုင် အထက်<br>အသုံးမပြုပါ | ပွင့်လင်းရာသီ<br><br>တစ်နှစ်ပတ်လုံး |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက် ရေကြောင်းမရှိပါ။

## (၅.၄) သယ်ယူပို့ဆောင်ရေး ယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား(၁၃) သယ်ယူပို့ဆောင်ရေး ယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | - | - | - | ၂၅ | - | - | - | - | - |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်** ။ ။ တောင်ပေါ်ဒေသဖြစ်သောကြောင့် သယ်ယူပို့ဆောင်ရေးတွင် ဆိုင်ကယ်ကိုသာ အဓိကအားထား၍ အသုံးပြုကြရပါသည်။ အခြားသယ်ယူပို့ဆောင်ရေးယာဉ်များကို အသုံးပြုခြင်း မရှိပါ။ မိုးများသော အချိန်ကာလများတွင်မူ ဆက်သွယ်ရေးအဖြစ် ခြေလျှင်ခရီးကိုသာ အသုံးပြုကြရပါသည် ။



## (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား(၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|

| | |
|---|---|
| မဟာဓါတ်အားလိုင်း | - |
| ဆိုလာစနစ် | ၁၅၇ |
| အသေးစားရေအားလျှပ်စစ် | - |
| ဒီဇယ်သုံးအင်ဂျင် | - |
| လေစွမ်းအင် | - |
| ဇီဝလောင်စာ | - |
| အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သောလျှပ်စစ်ဓါတ်အားပေးစနစ် | - |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်**။ ။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့် အခြားလျှပ်စစ်ဓါတ်အားများ မရရှိပါ။ ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုသည် တစ်အိမ်သုံးဆိုလာများကို သုံးစွဲကြပါသည်။

## (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား(၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗီ |
|---|---|---|---|
| အရေအတွက် | - | ၅ | ၂ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်**။ ။ ကျေးရွာတွင် ဆက်သွယ်ရေးအနေဖြင့် ဖုန်း၊ ရေဒီယိုနှင့် ဂြိုလ်တု စလောင်းများကိုအသုံးပြုသည့် အိမ်ထောင်စုများရှိပါသည်။



## (၆.၁) ကျောင်းတက်နှုန်း

ဇယား(၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၀ | ၅၂ | ၁၁၂ |
| အလယ်တန်း | ၄၁ | ၃၅ | ၇၆ |
| အထက်တန်း | ၁၂ | ၈ | ၂၀ |
| တက္ကသိုလ်/ကောလိပ် | - | - | - |
| **စုစုပေါင်း** | **၁၁၃** | **၉၅** | **၂၀၈** |

ရင်းမြစ်… (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မူလတန်းကျောင်းသာ ရှိပါသည် ။ အလယ်တန်းနှင့် အထက်တန်းကိုမူ ဒုံဟီးမြို့နှင့် နန်းယွန်းမြို့များတွင် တက်ရောက်ကြပါသည် ။

## (၆.၅) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| က။ ကျောင်းအဆင့် | **မူလတန်း**<br>မူလွန်<br>အလယ်တန်း(ခွဲ)<br>အလယ်တန်း<br>အထက်တန်း(ခွဲ)<br>အထက်တန်း | မူလတန်း<br>မူလွန်<br>အလယ်တန်း(ခွဲ)<br>အလယ်တန်း<br>အထက်တန်း(ခွဲ)<br>အထက်တန်း | မူလတန်း<br>မူလွန်<br>အလယ်တန်း(ခွဲ)<br>အလယ်တန်း<br>အထက်တန်း(ခွဲ)<br>အထက်တန်း |
| ခ။ ရွာမှအကွာအဝေး(မိုင်) | **၀ မှ ၁ မိုင်**<br>၁ မိုင် မှ ၃ မိုင်<br>၃၀ မိုင် မှ ၄၀ မိုင်<br>၄၀ မိုင် အထက် | **၀ မှ ၁ မိုင်**<br>၁ မိုင် မှ ၃ မိုင်<br>၃၀ မိုင် မှ ၄၀ မိုင်<br>၄၀ မိုင် အထက် | **၀ မှ ၁ မိုင်**<br>၁ မိုင် မှ ၃ မိုင်<br>၃၀ မိုင် မှ ၄၀ မိုင်<br>၄၀ မိုင် အထက် |

| **အကြောင်းအရာ** | **(၁)** | | | **(၂)** | | | **(၃)** | | |
|---|---|---|---|---|---|---|---|---|---|
| ဂ။ သယ်ယူပို့ဆောင်ရေး<br>ဝန်ဆောင်မှု | **ခြေလျင်**<br>စက်ဘီး<br>ဆိုင်ကယ်<br>ကား | | | ခြေလျင်<br>စက်ဘီး<br>ဆိုင်ကယ်<br>ကား | | | ခြေလျင်<br>စက်ဘီး<br>ဆိုင်ကယ်<br>ကား | | |
| င။ အမိုး၊ နံရံ၊ အခင်း<br>အရည်အသွေး | ကောင်း **သင့်**<br>ညံ့ | | | ကောင်း သင့်<br>ညံ့ | | | ကောင်း သင့် ညံ့ | | |
| စ။ ကျောင်းသုံးပရိဘောဂ<br>လုံလောက်မှု | လုံလောက်မှုရှိသည်<br>**မလုံလောက်ပါ** | | | လုံလောက်မှုရှိသည်<br>မလုံလောက်ပါ | | | လုံလောက်မှုရှိသည်<br>မလုံလောက်ပါ | | |
| ဆ။ ကျောင်းအိမ်သာ<br>အခြေအနေ | **ကောင်း** သင့်<br>ညံ့ မရှိ | | | ကောင်း သင့်<br>ညံ့ မရှိ | | | ကောင်း သင့်<br>ညံ့ မရှိ | | |
| ဇ။ ကျောင်းအဟာရ<br>တိုက်ကျွေးမှု | **တိုက်ကျွေးမှုရှိသည်**<br>တိုက်ကျွေးမှု<br>မရှိပါ | | | တိုက်ကျွေးမှုရှိသည်<br>တိုက်ကျွေးမှု<br>မရှိပါ | | | တိုက်ကျွေးမှုရှိသည်<br>တိုက်ကျွေးမှု<br>မရှိပါ | | |
| **ဈ။ ကျောင်းဆရာ/မ ဦးရေ** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၃ | ၃ | | - | - | - | - | - |
| ကျေးရွာခန့် | - | - | - | - | - | - | - | - | - |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး၊ ဆရာ/ဆရာမဦးရေ စုစုပေါင်း(၃)ဦး ရှိပါသည်။ စာသင်ကျောင်းမှာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းဖြစ်ပြီး၊ ကျောင်းသုံးပရိဘောဂစ္စည်းများ လုံလောက်မှုမရှိသည့်အပြင်၊ ကျောင်းအာဟာရတိုက်ကျွေးမှု အစီစဉ်များ ရှိပါသည်။ တက်ရောက်နေသော ကျောင်းသားအချိုးနှင့် ဆရာ/မ အချိုး မျှတခြင်း မရှိပါ။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား(၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ ဖြစ်ပွားမှု |
|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့် |
| ၂ | သွေးလွန်တုပ်ကွေး | နိမ့် |
| ၃ | ငှက်ဖျား | မြင့် |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | နိမ့် |
| ၅ | HIV, AIDS, လိင်မှတဆင့်ကူးစက်နိုင်သော ရောဂါများ | နိမ့် |
| ၆ | တီဘီ | နိမ့် |
| ၇ | ဆီးချို | နိမ့် |
| ၈ | သွေးတိုး | မြင့် |
| ၉ | အသည်းရောဂါ (ဘီ၊ စီ) | မရှိ |
| ၁၀ | အဟာရ ချို့တဲ့မှု | မြင့် |
| ၁၁ | အခြားကူးစက်နိုင်သော ရောဂါများ | နိမ့် |

ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် ကျန်းမာရေးအသိပညာသိရှိမှု အားနည်းသောကြောင့် ဝမ်းပျက်ဝမ်းလျှောခြင်းနှင့် ငှက်ဖျားရောဂါ၏ ဖြစ်ပွားမှုမှာ မြင့်မားလျက်ရှိပါသည်။ အာဟာဖြစ်စေမည့် အစားအသောက်များအား စားသုံးရာတွင် အားနည်းခြင်းကြောင့် ကလေးသူငယ်များတွင် အာဟာရချို့တဲ့မှု မြင့်မားလျက်ရှိပါသည်။ သက်ကြီးရွယ်အိုများအနေဖြင့် သွေးတိုးဖြစ်ပွားမှု ရာခိုင်နှုန်းမြင့်မားပြီး ဆီးချိုဖြစ်ပွားမှုမှာ လျော့နည်းပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၁၉) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | မရှိ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ရှိ | - |
| ၃ | ပိုလီယိုရောဂါ | ရှိ | - |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ရှိ | - |
| ၅ | ဝက်သက်ရောဂါ | ရှိ | - |
| ၆ | အခြားစုပေါင်း ကာကွယ်ဆေးထိုးနှံမှု | ရှိ | - |
| ၇ | အာဟာရမှတ်တမ်းယူမှု(အရပ်အမြင့်၊အလေးချိန်၊လက်မောင်းပတ်) | - | မရှိ |
| ၈ | အာဟာရပညာပေး အစီအစဉ် | - | မရှိ |

ရင်းမြစ်... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း ဆေးဝါးနှင့် ပစ္စည်းကိရိယာ စုံလင်ခြင်းမရှိပါ။ ကျေးရွာတွင် ကျန်းမာရေးဌာနမှ ပိုလီယိုရောဂါ၊ မေးခိုင် (ကိုယ်ဝန်ဆောင်ကာလအတွင်း)၊ ဝက်သက်ရောဂါနှင့် အခြားစုပေါင်းကာကွယ်ဆေးထိုးနှံမှုများ ပုံမှန်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ငှက်ဖျားရောဂါ၊ အဆုတ်ရောဂါနှင့် အသဲရောင်အသားဝါရောဂါများအတွက် ကာကွယ်ဆေးထိုးခြင်းမှာ ပုံမှန်မရှိပါ။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ ဆေးပေးခန်းများ)

ဇယား(၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီးအကွာအဝေး (မိုင်) | အခန်း/ကုတင်လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ | ၄၀ မိုင်အထက် | မရှိ |
| တိုက်နယ်ဆေးရုံ | ၄၀ မိုင်အထက် | မရှိ |

| | | |
|---|---|---|
| မြို့နယ်ဆေးရုံ | ၆၀ မိုင်အထက် | မရှိ |



ရင်းမြစ်… (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင် အရေးပေါ်လူနာများရှိပါက ဒုံဟီးမြို့တိုက်နယ်ဆေးရုံနှင့် နန်းယွန်းမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်ကုသရပါသည်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် သွားရေးလာရေးမှာ ခက်ခဲလှပါသည်။ မိုးများသောကာလများတွင် လမ်းပိတ်ခြင်း၊ တောင်ကျရေများ ပြင်းထန်စွာ ကျဆင်းခြင်း ၊ မြေပြိုခြင်းများ ရှိတတ်သောကြောင့် မိုးရာသီတွင် အလွန်ခက်ခဲလှပါသည်။ ထိုကာလတွင် ကျေးရွာအတွင်းရှိ ပြည်သူလူထုမှာ ကျန်းမာရေး ဖောက်ပြန်မှုများစွာရှိတတ်ပါသည် ။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား(၂၁) သောက်သုံးရေ ရရှိနိုင်

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | - | - |
| အဝီစိတွင်း/ စက်တပ် | - | - | - |
| အဝီစိတွင်း/ တုံကင် | - | - | - |
| မိုးရေသိုလှောင်ကန် | - | - | - |
| မြစ်/ ချောင်းရေ | - | - | - |
| ရေကန် | - | - | - |
| စိမ့်စမ်းရေ | ၁၅၇ | သင့် | လုံလောက်မှုရှိ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာအတွင်းရှိ အိမ်ထောင်စုအားလုံးသည် စိမ့်စမ်းရေကို သောက်သုံးကြရပါသည်။ တစ်နှစ်ပတ်လုံးရရှိသည်ဟုဆိုသော်လည်း နွေရာသီကာလများတွင် ရေထွက်နှုန်းမှာ သိသာထင်ရှားစွာ လျော့နည်းနေတတ်ပါသည်။ ထိုကာလ၌ သုံးစွဲရန်နှင့် တစ်ကိုယ်ရေးသန့်ရှင်းရေးကိစ္စရပ်များအတွက် များစွာလိုအပ်လျက် ရှိပါသည် ။



**(၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)**

ဇယား(၂၂) အိမ်သာအမျိုးအစား

| **သုံးစွဲနိုင်သော အိမ်သာအမျိုးအစား** | **သုံးစွဲနိုင်သော အိမ်ထောင်စု** |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | - |
| ရေဆွဲအိမ်သာ | - |
| ရေလောင်း/ ယင်လုံအိမ်သာ | ၄၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | - |
| တွင်း/ ဇလားအိမ်သာ | ၁၀၃ |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | ၁၂ |
| **စုစုပေါင်း** | **၁၅၇** |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာ၏ (၂၇%)သာ ယင်လုံအိမ်သာကို သုံးစွဲကြပါသည်။ သို့သော်လည်း သန့်ရှင်းသပ်ရပ်မှုမရှိပါ။ (၆၅%)မှာ တွင်းရှိအိမ်သာအမျိုးအစားကိုသာ သုံးစွဲကြပါသည်။ ကျန် (၈%) မှာ အိမ်သာမသုံးစွဲကြပါ။ ကျန်းမာရေးအသိပညာနည်းသေးသည်ဟု ဆိုနိုင်ပါသည် ။

**(၁၀) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား(၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ် အခြေအနေ

| **စဉ်** | **ဘေးအန္တရာယ် အမျိုးအစား** | **အန္တရာယ်ရှိနိုင်မှုအခြေအနေ** |
|---|---|---|

| | | ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | နိမ့် |
| ၃ | ရေကြီးခြင်း | - |
| ၄ | မိုးခေါင်ခြင်း | နိမ့် |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် |



| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၆ | မုန်တိုင်း | နိမ့် |
| ၇ | လျှော | နိမ့် |
| ၈ | မီးဘေး | နိမ့် |
| ၉ | ဆားငန်ရေဝင်မြေ | - |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | လတ် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် |
| ၁၃ | တီဘီရောဂါ | နိမ့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | - |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု | နိမ့် |
| ၁၇ | လူကုန်ကူးခြင်း | - |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာတွင်ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင်ရှိ တောတောင်များကို တောင်ယာခုတ်၍ လယ်ယာမြေ ဖော်ဆောင်ကာ သီးနှံများစိုက်ပျိုးခြင်း၊ ရွှေ့ပြောင်းတောင်ယာပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေး ဖုတ်ခြင်းတို့ကြောင့် သစ်တောများပြုန်းတီးလျက်ရှိပါသည်။ သစ်တောများ ပြုန်းတီးသောကြောင့် စိမ့်စမ်းရေထွက်ရှိမှုမှာ လျော့နည်းလျက်ရှိပါသည်။ တောင်ပေါ်ဒေသဖြစ်သောကြောင့် မိုးများပြီး ဆီးနှင်းများကျရောက်ကာ အအေးပိုခြင်း၊ ဝေးလံခေါင်သီ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများရှိ ပါသည် ။



**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ**

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု (နိမ့်၊လတ်၊ မြင့်) | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | မြေဆီ/မြေသြဇာ ဝယ်ယူသုံးစွဲမှုမရှိခြင်း ၊ စိုက်ပျိုးရေးအသိ ပညာအားနည်းခြင်းတို့ကြောင့် သဘာဝ ဓါတ်မြေဆီသြဇာများ ပျက်ယွင်းစပြုလာပါသည်။ |
| အပင်မျိုးစိတ်များ | မြင့် | ရွှေ့ပြောင်းတောင်ယာခုတ်၍ တောင်ယာစိုက်ပျိုးကြသော ကြောင့် သစ်တောပြုန်းတီးမှုဖြစ်ပေါ်ပြီး အပင်မျိုးစိတ်များ ရှား ပါးလာပါသည်။ |
| ရေအရင်းမြစ် | လတ် | ရွှေ့ပြောင်းတောင်ယာစနစ် ကျင့်သုံးနေကြသောကြောင့် သစ် တောပြုန်းတီးမှုများဖြစ်ပေါ်ပြီး ရာသီဥတုဖောက်ပြန်ကာရေ အရင်းအမြစ်များလည်း ဆုံးရှုံးမှုဖြစ်ပေါ်နေပါသည်။ |

| | | |
|---|---|---|
| ငါးမျိုးကွဲများ | နိမ့် | မြစ်ချောင်း၊ အင်း၊ အိုင်များတွင် Battery ရှော့တိုက်ခြင်း၊ ငါးမိုင်းခွဲ ခြင်း၊ ပိုက်ကွန်ပြစ်ခြင်းစသည့် ငါးဖမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ငါးမျိုးစိတ်များ ရှာပါးလာပါသည် ။ |
| အခြားတိရစ္ဆာန် မျိုးကွဲများ | မြင့် | အမဲလိုက်ခြင်းနှင့် သစ်တောပြုန်းတီးမှုများကြောင့် အခြား တိရိစ္ဆာန်မျိုးကွဲများလည်း ရှားပါးလာပါသည်။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာရှိ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်သီးနှံဖျက်ပိုး ကျရောက်ပြီး၊ တောင်သူများအနေဖြင့် ဖြေရှင်းနိုင်သည့်အနေအထားတွင် မရှိပါ။ တောင်ယာခုတ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် အပင်မျိုးစိတ်များ ပြုန်းတီးမှုများပြီး၊ တောတွင်းတိရိစ္ဆာန်များကို အမဲလိုက်ကာ စားသုံးကြသောကြောင့် သားရဲတိရိစ္ဆာန်မျိုးကွဲများ ရှားပါးလာပါသည်။



## (၁၀) ကျား - မ ရေးရာ

ဇယား(၂၅) ကျား - မ ရေးရာ

| စဉ် | ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏စွမ်းဆောင်ရည် မြှင့်သင့်သောအချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှမှန်သည်ဟု ယူဆသောတစ်ခုကိုရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင်အမျိုးသမီးမများ တက်ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | ရှိ | မရှိ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်မှု | ရှိ | မရှိ |

ရင်းမြစ်… (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်** ။ ။ ကျေးရွာ၏ စီမံအုပ်ချုပ်ပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုမရှိသော်လည်း၊ ရပ်ရွာဖွံ့ ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်မှု ရှိပါသည်။ နာဂတို့၏ လူနေမှုဓလေ့ထုံးစံ

အရ အမျိုးသမီးများအနေဖြင့် အုပ်ချုပ်ရေးယန္တရားအပေါ် ပါဝင်သက်ရောက်မှု အားနည်းသည်ဟု လည်း ဆိုနိုင်ပါသည်။